# နို့စို့ကလေးနှင့်ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသောအစားအသောက်များ စျေးကွက်တင်ခြင်းဆိုင်ရာအမိန့်

ဒေါက်တာနှင်းဒါလီဝင်း
လက်ထောက်ညွှန်ကြားရေးမှူး
အာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ

- **1981, 34th World Health Assembly**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့

အမိန့်ကြော်ငြာစာ အမှတ် ၂၂/၂၀၁၄
၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

နို့စို့ကလေးနှင့် ကလေးငယ်အတွက်
ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ
ဈေးကွက်တင်ခြင်းဆိုင်ရာ အမိန့်

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ



# အမိန့်ထုတ်ပြန်ကြေငြာခြင်း

- မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့မှ
  - အမိန့်ကြော်ငြာစာအမှတ် - ၂၂/၂၀၁၄
  - အမိန့်ထုတ်ပြန်သည့်ရက်စွဲ - ၂၀၁၄၊ ဇူလိုင်လ(၂၄)ရက်

# ရည်ရွယ်ချက်

- နို့စို့ကလေးနှင့်ကလေးငယ်များအား မိခင်နို့ရည်တိုက်ကျွေးခြင်းကို အထောက်အကူပြုရန်
- မိခင်နို့ရည်အစားထိုးအစာများကို အမှန်တကယ်လိုအပ်ချိန်တွင် အာဟာရပြည့်မီစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်စေရန်
- သင့်လျော်သည့် ဖြည့်စွက်စာကို တိုက်ကျွေးတတ်စေရန်နှင့် ယင်းတို့နှင့် သက်ဆိုင်သော မှန်ကန်သည့် သတင်းအချက်အလက်များကို ပြည်သူလူထု သိရှိကျင့်သုံးနိုင်စေရန်
- မိခင်နို့ရည်အစားထိုးအစာနှင့်ဖြည့်စွက်စာများ ဈေးကွက်တင်ခြင်း ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရန်

# အခန်း(၁)
# အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

- **နို့စို့ကလေး** -အသက်(၆)လအောက်ကလေး
- **ကလေးငယ်** -အသက်(၆)လမှ(၂)နှစ်အထိကလေး
- **မိခင်နို့ရည်အစားထိုးအစာ**-မိခင်နို့ရည်ကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း အစားထိုးရန် ဖော်စပ်ထုတ်လုပ်ထားသည့် မည်သည့် အစားအသောက်မဆို၊

# အခန်း(၁)

# အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်(Cont:)

- **နို့စို့ကလေးအတွက်ဖော်စပ်စာ–** နို့စို့ကလေးအတွက် သင့်လျော်အောင်ဖော်စပ်ထုတ်လုပ်ထားသည့် နို့ရည်၊ နို့မှုန့်(သို့) အထူးစီမံထားသည့် အရည်၊အမှုန့် (သို့) အလားတူရည်ရွယ်ချက်ဖြင့် ဖော်စပ်ထုတ်လုပ်ထားသော မိခင်နို့ရည်အစားထိုးအစာ
- **ကလေးငယ်အတွက်ဖော်စပ်စာ–**ကလေးငယ်အတွက် သင့်လျော်အောင်ဖော်စပ်ထုတ်လုပ်ထားသည့် နို့ရည်၊ နို့မှုန့်(သို့) အထူးစီမံထားသည့် အရည်၊အမှုန့် (သို့) အလားတူရည်ရွယ်ချက်ဖြင့် ဖော်စပ်ထုတ်လုပ်ထားသော မိခင်နို့ရည်အစားထိုးအစာ

# အခန်း(၁)

# အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်(Cont:)

- **ကျန်းမာရေးအတွက်သီးသန့်ဖော်စပ်စာ**–သီးခြားအာဟာရ လိုအပ်ချက်ရှိသော နို့စို့ကလေး(သို့) ကလေးငယ်အတွက် ယင်း၏ကျန်းမာရေးအခြေအနေအရပ်ရပ်နှင့်လျော်ညီစွာ သီးသန့်ဖော်စပ်ထုတ်လုပ်ထားသည့် အစားအသောက်
- **ဖြည့်စွက်စာ**– မိခင်နို့ရည်(သို့) မိခင်နို့ရည်အစားထိုးအစာဖြင့် အာဟာရပြည့်ဝစွာ မရရှိနိုင်သည့်ကလေးငယ်အား ထပ်မံဖြည့်စွက်တိုက်ကျွေးရန် အလို့ငှာသင့်လျော်အောင် စီမံပြုလုပ်ထားသည့် အစားအသောက်

# အခန်း(၁)

# အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်(Cont:)

- **ဆက်စပ်တိုက်ကျွေးပစ္စည်း-** နို့စို့ကလေး(သို့) ကလေးငယ်အား တိုက်ကျွေးရာတွင် အသုံးပြုသည့် နို့ဘူး၊နို့ပုလင်း၊ နို့သီးခေါင်း၊ နှုတ်သီးပါသော နို့သောက်ခွက်၊ ပိုက်တံ/နို့သီးခေါင်း တပ်လျက်ပါသော နို့တိုက်ခွက် စသည့် မိခင်နို့သီးခေါင်းနှင့်အလားတူအောင် ပြုလုပ်ထားသည့် ပစ္စည်း၊ ယင်းနှင့်တွဲဖက်သုံးရသော (သို့)ယင်းနှစ်မျိုးပေါင်းစပ်ထားသည့်ပစ္စည်းအပြင် မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်ပစ္စည်း

# အခန်း(၁)

# အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်(Cont:)

- ထုတ်လုပ်သူ– နို့စို့ကလေး(သို့) ကလေးငယ်များအတွက် အစားအသောက်(သို့)ယင်းနှင့်ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို ရောင်းချရန်အလို့ငှာ ထုတ်လုပ်ရာတွင် လုပ်ငန်းအဆင့် တစ်ခုခု(သို့) အဆင့်အားလုံး၌ တိုက်ရိုက်ဖြစ်စေ/သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သည့်ပုဂ္ဂိုလ်(သို့)အဖွဲ့အစည်း

# အခန်း(၁)

# အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်(Cont:)

- ဖြန့်ဖြူးသူ- နို့စို့ကလေး(သို့) ကလေးငယ်များအတွက် အစားအသောက်(သို့)ယင်းနှင့်ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို ရောင်းချရန်အလို့ငှာ လက်ကား(သို့)လက်လီဈေးကွက်တင်ရာတွင် တိုက်ရိုက်ဖြစ်စေသွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ် (သို့)အဖွဲ့အစည်း(ပြည်ပမှတင်သွင်းသူ၊ပြည်ပသို့တင်ပို့သူ)

# အခန်း(၁)
# အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်(Cont:)

- **ကျန်းမာရေးဌာန**– ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်ခြင်း၊ ကာကွယ်ကုသခြင်း၊ အခြားဝန်ဆောင်မှုပေးခြင်း စသည်တို့ကို တိုက်ရိုက်သော်လည်းကောင်း၊သွယ်ဝိုက်၍သော်လည်းကောင်း ဆောင်ရွက်သည့် အစိုးရဌာန၊အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ပုဂ္ဂလိကပုဂ္ဂိုလ်/ဌာန/အဖွဲ့အစည်းအပြင် ကလေးသူငယ်ပြုစုပေးသောဌာန

# အခန်း(၁)

# အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်(Cont:)

- **ကျန်းမာရေးစောင့်ရှောက်သူ**–ပုဂ္ဂလိကကျန်းမာရေးဌာနအပါအဝင် မည်သည့်ကျန်းမာရေးဌာနတွင်မဆို တာဝန်ထမ်းဆောင်နေသော အသက်မွေးဝမ်းကျောင်းပညာနှင့် စပ်ဆိုင်သောသူ၊ မစပ်ဆိုင်သောသူ(သို့)စေတနာ့ဝန်ထမ်းလုပ်ကိုင်နေသူ
- **ကျန်းမာရေးဝန်ထမ်း**– အစိုးရကအသိပြုသည့် သက်ဆိုင်ရာ အောင်လက်မှတ်ရှိပြီး ကျန်းမာရေးဆိုင်ရာ ကာကွယ်ကုသ စောင့်ရှောက်ရန် အစိုးရကခွင့်ပြုထားသူ

# အခန်း(၁)

# အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်(Cont:)

- **ထုပ်ပိုးပစ္စည်း**-အစားအသောက်ထည့်သော ထုပ်ပိုးသော အရာဝတ္ထုတစ်ခုခု(ဥပမာ-ဘူး၊စက္ကူ၊စက္ကူဘူး၊သံဘူး စသည်)
- **အမှတ်တံဆိပ်**- ထုပ်ပိုးပစ္စည်းပေါ်တွင် ပုံနှိပ်၍သော်လည်းကောင်း၊ ဖောင်းကြွစာသားဖြင့် သော်လည်းကောင်း ရေးသား ဖော်ပြထားသည့်(သို့) ခိုင်မြဲစွာတွဲကပ်ထားသည့် စာသား၊ တံဆိပ်၊ အမှတ်အသား၊ရုပ်ပုံ၊ သင်္ကေတစသည့်ဖော်ပြချက်

# အခန်း(၁)

# အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်(Cont:)

- **ဈေးကွက်တင်ခြင်း**–ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်း၊ ပြည်သူလူထုအတွင်းအသိပေးခြင်း၊ သတင်းအချက်အလက်ပေးခြင်း
- **နမူနာ**–မူလပစ္စည်း၏ အရည်အသွေးကို ကိုယ်စားပြုသော ပစ္စည်း(သို့) ယင်းပစ္စည်း၏ အစိတ်အပိုင်း

# အခန်း(၁)

# အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်(Cont:)

- သတ်မှတ်အစားအသောက်–
  – နို့စို့ကလေးအတွက်ဖော်စပ်စာ
  – ကလေးငယ်အတွက် ဖော်စပ်စာ
  – ဖော်စပ်ဖြည့်စွက်စာ
  – ကျန်းမာရေးအတွက်သီးသန့်ဖော်စပ်စာ
  – မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က အခါအားလျော်စွာသတ်မှတ်သည့် အစားအသောက်များ

# အခန်း(၂)
# အရည်အသွေးအာမခံချက်

သတ်မှတ်အစားအသောက်နှင့်ဆက်စပ်တိုက်ကျွေးပစ္စည်း အသီးသီး၏ အရည်အသွေးအာမခံချက်သည်

- ယင်းနှင့်သက်ဆိုင်သည့် မြန်မာနိုင်ငံမှ သတ်မှတ်ထားသော စံနှုန်းများ
- လမ်းညွှန်ချက်များ(Codex Code of Hygenic Practice for Foods for Infants and Children, Codex Alimentarius Commission Standards and Guidelines)
- မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က အခါအားလျော်စွာသတ်မှတ်သည့် စံနှုန်း၊ လမ်းညွှန်ချက်များနှင့် ကိုက်ညီရမည်။

# အခန်း(၂)

# အရည်အသွေးအာမခံချက်(Cont;)

- အထက်ပါစံနှုန်းများ၊ လမ်းညွှန်ချက်များနှင့်ကိုက်ညီသော အရည်အသွေးအာမခံချက်ရှိသည့် သတ်မှတ်အစားအသောက်နှင့် ဆက်စပ်တိုက်ကျွေးပစ္စည်းများ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ဈေးကွက်တင်ရာတွင် အမျိုးသားအစားအသောက်ဥပဒေနှင့် ဤအမိန့်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

# အခန်း(၃)

# အမှတ်တံဆိပ်ကပ်ခြင်း

(က) အမှတ်တံဆိပ်/ ထုပ်ပိုးပစ္စည်း၏ အသွင်သဏ္ဍာန်သည်

- မိခင်နို့တိုက်ကျွေးခြင်းကို ဟန့်တားမှုဖြစ်စေသည့် သဘော မသက်ရောက်စေရ၊



# အခန်း(၃)

# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

- ဆက်စပ်တိုက်ကျွေးပစ္စည်းတစ်မျိုးမျိုး သုံးစွဲခြင်းကို အားပေးသည့် အမြင်မျိုး မဖြစ်စေရ၊
- သတ်မှတ်အစားအသောက်တစ်မျိုးမျိုးကို တိုက်ကျွေးစေရန် ဆွဲဆောင်သည့် သဘောမဖြစ်စေရ



# အခန်း(၃)
# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

(ခ)အမှတ်တံဆိပ်ကို

- အလွယ်တကူ ကွာမထွက်နိုင်သော အောက်ခံပေါ်တွင် မြန်မာဘာသာဖြင့် ရေးသားရမည်။
- အငယ်ဆုံးစာလုံးအား အနည်းဆုံး (၁) မီလီမီတာအမြင့်ဖြင့် ရေးရမည်



# အခန်း(၃)

# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

(ဂ) ထုပ်ပိုးပစ္စည်းပေါ်တွင်/အတွင်းတွင် အောက်ပါ အဓိပ္ပာယ်မျိုး သက်ဝင်စေသည့် စာသား၊ ခတ်ပုံ၊ ရုပ်ပုံ၊ ကာတွန်းရုပ်ပြ၊ သရုပ်ဖော်ပုံ (သို့)အလားတူ ဖော်ပြချက်များ **မပါရှိစေရ**-

- (၁) ပါဝင်ပေါင်းစပ်ထားသော / ဖြည့်စွက်ထားသော ပစ္စည်းများကြောင့် ရရှိနိုင်မည့်ဆေးစွမ်းအာနိသင်၊ကျန်းမာရေးအားသာချက်/အာဟာရ အကျိုးထူးများ/အလားတူအဓိပ္ပာယ်သက်ရောက်သောဖော်ပြချက်များ

# အခန်း(၃)

# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

- (၂) မိခင်နို့နှင့်တူအောင်ဖော်စပ်ထားသည်
  မိခင်နို့နှင့်အတူဆုံးဖြစ်သည်
  အလားတူအဓိပ္ပာယ်သက်ရောက်သောဖော်ပြချက်များ



# အခန်း(၃)

# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

- ‘ကလေးအတွက် အကောင်းဆုံးအစာ’
- ‘သင့်ကလေးဦးနှောက်ဖွံ့ဖြိုးမှု အတွက်အကောင်းဆုံးနို့’
- အလားတူအဓိပ္ပာယ် သက်ရောက်သော ဖော်ပြချက်များ



# အခန်း(၃)

# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

(၄) ကိုယ်ဝန်ဆောင်၊ သန္ဓေသား၊ နို့စို့ကလေး၊ ကလေးငယ်၊ နို့တိုက်မိခင်၊ မိသားစုပုံများ

(၅) ဆက်စပ်တိုက်ကျွေးပစ္စည်း/ယင်းကို ကိုင်တွယ်အသုံးပြုနေသည့်ပုံများ



# အခန်း(၃)

# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

(ဖ)ဤအမိန့်ပါ သတ်မှတ်အစားအသောက်တစ်မျိုးမျိုးကို ထုတ်လုပ်သူ၊ဖြန့်ဖြူးသူသည် အပိုဒ်(၅)ဖော်ပြချက်များအပြင် အောက်ပါသတ်မှတ်ပြဋ္ဌာန်းချက်များကိုလည်း **လိုက်နာ**ရမည်။

(က)အမှတ်တံဆိပ်တွင် လျော်ကန်သော အသုံးပြုနည်းဆိုင်ရာနှင့်ယင်းတို့နှင့်သက်ဆိုင်သည်များ

(၁)အစားအသောက်အမျိုးအစား

(၂) တိုက်ကျွေးနိုင်သည့်အသက်အရွယ်

(၃) ပါဝင်ပေါင်းစပ်ထားသည့်ပစ္စည်းများ

# အခန်း(၃)

# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

(၄) အာဟာရတန်ဖိုးခွဲခြမ်းစိတ်ဖြာဖော်ပြချက်

- ပရိုတင်းဓာတ်၊ ကစီဓာတ်၊ အဆီဓာတ်ရရှိမှု-- ကိန်းဂဏန်း
- အင်အားရရှိမှု --ကီလိုဂျိုး (သို့) ကီလိုကယ်လိုရီ

<u>ဖျော်စပ်သုံးစွဲရန်ဖြစ်ပါက-</u>

ဖျော်စပ်ပြီး ၁၀၀ မီလီမီတာတွင်ရရှိမည့် အာဟာရတန်ဖိုး

# အခန်း(၃)
# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

<u>အသင့်စားသုံးရန်ဖြစ်ပါက–</u>

- အရည်–– ၁၀၀ မီလီမီတာတွင်ရရှိမည့် အာဟာရတန်ဖိုး
- အမှုန့်/အဖတ်/အခဲ– – ၁၀၀ ဂရမ်/တစ်ယူနစ်/ တစ်ခါပြင်စာမှရရှိမည့် အာဟာရတန်ဖိုး၊
- အထူးဖြည့်စွက်ထားချက်

# အခန်း(၃)

## အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

(၅) လျော်ကန်သောပြင်ဆင်ဖျော်စပ်နည်း၊ သိမ်းဆည်းနည်း၊ စွန့်ပစ်နည်း

(၆) ထုပ်ပိုးအရွယ်အစား၊ ထုတ်လုပ်သည့်ရက်စွဲ၊ အပတ်စဉ်၊ သိုလှောင်ထားရှိရမည့်အခြေအနေ၊ သက်တမ်းကုန်ဆုံးမည့်ရက်စွဲ/အကောင်းဆုံးစားသုံးရန်ရက်စွဲ

(၇) အမှတ်တံဆိပ်အမည်၊ ထုတ်လုပ်သူအမည်၊ လိပ်စာ၊ ထုတ်လုပ်သည့်နိုင်ငံ၊ ဖြန့်ဖြူးရောင်းချသူလိပ်စာ

# အခန်း(၃)

## အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

(၈) မလျော်ကန်သော ပြင်ဆင်ဖျော်စပ်ခြင်း၊ သိမ်းဆည်းခြင်း
တို့ကြောင့်ဖြစ်ပေါ်လာနိုင်သည့်ကျန်းမာရေးဘေးအန္တရာယ်

**(၆-ခ) ဖျော်စပ်သုံးစွဲရန်ဖြစ်ပါက အမှတ်တံဆိပ်တွင်**
**အောက်ပါတို့ကို မြန်မာဘာသာဖြင့်ရေးရမည်။**

(၁) သောက်ရေသန့်ကို ဆူပွက်စေပြီး ဖျော်စပ်ချိန်တွင်
ကြက်သီးနွေး(အပူချိန် ၇၀ C)ရှိနေသောရေနွေးဖြင့်သာ
ဖျော်စပ်ရန်နှင့်ဖျော်စပ်ပြီး အအေးခံရန်

# အခန်း(၃)

# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

(၂) ပူးတွဲပါရှိသော ဓနန်းဖြင့်သာချင်တွယ်ရန်

(၃) ဖျော်စပ်ပုံအဆင့်ဆင့်တွင် ညွှန်ပြပါရှိသည့်အတိုင်း ဖျော်စပ်ရန်

(၄) တစ်ကြိမ်စာသာ ဖျော်စပ်တိုက်ကျွေးရန်

(၅) ဖျော်စပ်ပြီးလက်ကျန်ကို သတ်မှတ်ချိန်(နာရီ)ကျော်လွန်ပါက စွန့်ပစ်ရန်

(၆) ကလေးကိုရင်ခွင်တွင်ထားရှိပြီး မတ်မတ်အနေအထားဖြင့် တိုက်ကျွေးရန်

# အခန်း(၃)

# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

(၇) ဖျော်စပ်ပြီး အစားအသောက်ကို သန့်ရှင်းသော ဇွန်း၊ ခွက်တို့ဖြင့်သာ တိုက်ကျွေးရန်

(၈) ဖျော်စပ်တိုက်ကျွေးပစ္စည်းများကို စနစ်တကျမသန့်စင်ပါက ကျန်းမာရေးဘေးအန္တရာယ်များ ပေါ်ပေါက်တတ်ကြောင်း သတိပေးချက်

# အခန်း(၃)

# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

(၇)အစားအသောက်အမျိုးအစားအလိုက်“အထူးသတိပြုရန်”အချက်များကို အဖြူရောင်အောက်ခံတွင် အနက်ရောင်ဖြင့် ရေးသားရမည်။

- ၄၀၀– ဂရမ်ဆံ့ ထုပ်ပိုးပစ္စည်းတွင် စာလုံးမည်း၏ အငယ်ဆုံးစာလုံးမှာ အနည်းဆုံး ၃–မီလီမီတာအမြင့်ရှိရမည်။
- ယင်းကို အခြေခံ၍ ထုပ်ပိုးပစ္စည်းအရွယ်အစားနှင့် လိုက်လျောညီထွေစွာဖော်ပြရမည်။(အငယ်ဆုံးစာလုံးသည် ၁.၅ –မီလီမီတာအမြင့်ထက်မငယ်စေရ။)

# အခန်း(၃)
# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

**အထူးသတိပြုရန်**

**(က) နို့စို့ကလေးအတွက် ဖော်စပ်စာ –**

(၁) မိခင်နို့မတိုက်ကျွေးသော ကလေးအတွက်သာ သုံးရန်ဖြစ်သည်၊

(၂) ကျန်းမာရေးဝန်ထမ်း၏ ညွှန်ကြားချက်ဖြင့်သာ အသုံးပြုရမည်၊

(၃) လျော်ကန်စွာ ဖျော်စပ်အသုံးမပြုပါက ကျန်းမာရေး ဘေးအန္တရာယ်ရှိ နိုင်သည်၊

(၄) မိခင်နို့သည် ကလေးအတွက် အကောင်းဆုံးဖြစ်သည်၊



# အခန်း(၃)
# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

## အထူးသတိပြုရန်

(ခ) ကလေးငယ်အတွက်ဖော်စပ်စာ–

- (၁) မိခင်နို့မတိုက်ကျွေးသော ၆ လပြည့်ပြီး ကလေးအတွက်သာ သုံးရန်ဖြစ်သည်
- (၂) ကျန်းမာရေးဝန်ထမ်း၏ ညွှန်ကြားချက်ဖြင့်သာ အသုံးပြုရမည်
- (၃) လျော့ကန်စွာ ဖျော်စပ်အသုံးမပြုပါက ကျန်းမာရေး ဘေးအန္တရာယ်ရှိနိုင်သည်
- (၄) ကလေးငယ်အား အခြားသော အစားအသောက်များပါ ဖြည့်စွက်ကျွေးရန်လိုသည်။
- (၅) မိခင်နို့သည် ကလေးအတွက် အကောင်းဆုံးဖြစ်သည်

# အခန်း(၃)

# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

**အထူးသတိပြုရန်**

(ဂ) ကျန်းမာရေးအတွက်သီးသန့်ဖော်စပ်စာ-

- (၁) ----အတွက် ဖော်စပ်ထားသောအစာ( ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရည်ညွှန်းထားသော Acceptable Medical Reasons for Use of Breast-milk Substitutes ပါသက်ဆိုင်ရာ ရောဂါအမည်/အခြေအနေများ)
- (၂) အသက်----အရွယ်ကလေးအတွက်
- (၃) သက်ဆိုင်ရာဆရာဝန်၏ ကြီးကြပ်မှုဖြင့်သာ အသုံးပြုရမည်

# အခန်း(၃)

# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)

(၈) နို့စို့ကလေးအတွက်ဖော်စပ်စာ၊ ကလေးငယ်အတွက် ဖော်စပ်စာများနှင့် အသွင်သဏ္ဍာန်/အသုံးပြုပုံ ဆင်တူသော်လည်း နို့စို့ကလေးနှင့် ကလေးငယ်အတွက် ရည်ရွယ်ထားခြင်းမဟုတ်သည့် (သို့) သက်ဆိုင်ရာတာဝန်ရှိ သူက နို့စို့ကလေးနှင့် ကလေးငယ်အတွက် မသင့်လျော်ဟု ဆုံးဖြတ်သည့် အစားအသောက်၏ အမှတ်တံဆိပ်တွင် **အထူးသတိပြုရန်** ဟူသောခေါင်းစဉ်ဖြင့်–

- **(က)** အသက် ၂ နှစ်အောက် ကလေးသောက်သုံးရန်မဟုတ်
- (ခ) လျော်ကန်စွာ အသုံးမပြုပါက ကျန်းမာရေးဘေးအန္တရာယ်ရှိနိုင်သည်
- ဟူသော ဖော်ပြချက်များ အပိုဒ် ၇ ပါအတိုင်း ဖော်ပြမှသာ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ဈေးကွက်တင်ခွင့်ရှိသည်။

# အခန်း(၃)
# အမှတ်တံဆိပ်ကပ်ခြင်း(Cont;)



# အခန်း(၄)
## ဈေးကွက်တင်ခြင်း

(၉) ဈေးကွက်တင်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့အပြင် ယင်းနှင့်အလားတူအဓိပ္ပာယ်သက်ရောက်စေသော အပြုအမူများကို ပြုလုပ်ခွင့်မရှိ-

(က) ပင်ရင်း/တစ်ဆင့်ခံအရောင်းဆိုင်များတွင် ရောင်းအားမြှင့်တင်ရန် အထူးခင်းကျင်းပြသခြင်း(သို့) ပြိုင်ပွဲများပြုလုပ်ခြင်း၊ တိုက်ရိုက်/သွယ်ဝိုက်၍ ဆွဲဆောင်စည်းရုံးခြင်း သုံးစွဲရန်ညွှန်းဆိုခြင်း၊ အားပေးတိုက်တွန်းခြင်း

# အခန်း(၄)

# ဈေးကွက်တင်ခြင်း

(ခ)လျော့ဈေးဖြင့်ရောင်းခြင်း/ကူပွန်ပေးခြင်း၊ လက်ဆောင်/ကံစမ်းမဲပေးခြင်း၊ဝယ်သူအား တစ်နည်းနည်းဖြင့် အကျိုးခံစားခွင့် ပြန်ပေးခြင်း



# အခန်း(၄)
# ဈေးကွက်တင်ခြင်း(Cont;)

- (ဂ) အထူးဈေးရောင်းပွဲများပြုလုပ်ခြင်း၊ အခြားပစ္စည်းတစ်ခုခုဖြင့် တွဲဖက်ရောင်းခြင်း၊ လက်ဆင့်ကမ်းရောင်းခြင်း၊ လက်လံရောင်းချခြင်း
- (ဃ)ရောင်းအားကောင်းဆုများပေးခြင်း၊ ဝန်ဆောင်ခ၊ကော်မရှင်ခမြင့်မားစွာပေးခြင်း





# အခန်း(၄)

# ဈေးကွက်တင်ခြင်း(Cont;)

- (င) ရောင်းအားကောင်းမှုအပေါ်မူတည်၍ ဝန်ထမ်းများအား ချီးမြှင့်ငွေထပ်မံပေးခြင်း
- (စ) ဝန်ထမ်းတစ်ဦးလျှင် မည်မျှရောင်းချရမည်ဟု သတ်မှတ်ခြင်း



# အခန်း(၄)

# ဈေးကွက်တင်ခြင်း(Cont;)

- (ဆ)စာနယ်ဇင်း၊ရေဒီယို၊ရုပ်သံ၊အီလက်ထရောနစ်နည်းပညာ တစ်မျိုးမျိုး ကြော်ငြာဆိုင်းဘုတ်၊လမ်းဖြတ်နဖူးစည်းစာတန်း၊ ကြော်ငြာအလံ၊ဗီနိုင်း၊ပိုစတာ၊ လက်ကမ်းစာစောင်နှင့် အလားတူပစ္စည်းများအသုံးပြု၍ဖြစ်စေ/ လူသိများ ကျော်ကြားသူများနှင့်ယင်းတို့၏ မိသားစုများမှဖြစ်စေကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ သတင်းအချက်အလက်ပေးခြင်း




Dugro
Dugro ရဲ့
Brand
Ambassador
အဖြစ်
ခန့်အပ်လိုက်ပါပြီ
ပိုပိုပြည့်စုံအောင် ရယူလိုက်ပါ
Dugro
Dugro Brand Ambassador
Dugro Myanmar




[redacted] with
Foremost Myanmar and [redacted]

Sponsored ·

[redacted]က အခုမီးမီးလေး ကိုယ်ဝန်လည်းလွယ်
ထားရတော့ ကိုယ်တိုင်လည်း အာဟာရပြည့်တာ
တွေ ရွေးစားရသလို၊ သားသားကိုလည်း အာဟာရ
ပြည့်ဝတဲ့ အစားအသောက်လေးတွေ ကျွေးဖြစ်
တယ်။

[redacted]က အရင်ထဲက နွားနို့ကြိုက်တတ်တော့
နေ့တိုင်းနီးပါးကို နွားနို့တိုက်ဖြစ်တယ်။ နွားနို့တွေထဲ
ဆိုရင်တော့ [redacted] FOREMOST Omega
နွားနို့ဘူးလေးတွေ တိုက်ဖြစ်ပါတယ်။
FOREMOST Omega နွားနို့ဘူးလေး တိုက်ဖြစ်တဲ့
အဓိကအကြောင်းက သူမှာပါတဲ့ Omega 3 6 9၊
DHA, Vitamin B12 တွေက ကလေး ဉာဏ်ရည်
ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးတဲ့အပြင်
ကြွက်သား၊ အရိုး၊ သွားလေးတွေသန်မာဖို့၊ အရပ်
ရှည်ဖို့အတွက်လည်း အရေးပါတဲ့ Protein,
Calcium တွေပါ ပါဝင်လို့ပါ။
Foremost Omega နွားနို့တွေကို ကလေး တစ်နှစ်
ကျော်အရွယ်ကနေ စတိုက်လို့ရပါတယ်နော်။


7:26 PM | 3.3KB/s
facebook
PediaSure Myanmar
Sponsored
PediaSure Frame လေးနဲ့ Profile လေး ပြောင်း Hashtag လေးနဲ့ ရှဲပြီး ဆုတွေယူလိုက်ရအောင်! မေမေတို့ရေ အခုပေးထားတဲ့ PediaSure Frame... See More
PediaSure
PediaSure ရဲ့
Profile Frame
PediaSure 3+
Abbott
730
279 Comments · 182 Shares


Dugro Myanmar · Follow
Dec 22 at 11:00 AM
Dumex Dugro – Rice Cooker
Dugro 3
ဒီအပတ်ရဲ့
ထမင်းပေါင်းအိုး ပိုင်ရှင်က
ဘယ်သူဖြစ်မလဲ
0:04
-0:01
641
134 Comments · 16 Shares · 29K Views
Like
Comment
Share

# အခန်း(၄)
# ဈေးကွက်တင်ခြင်း(Cont;)

- (ဇ)နမူနာပေးခြင်း၊ ဆုအဖြစ်ပေးခြင်း၊လက်ဆောင်အဖြစ်ပေးခြင်း၊ ကံစမ်းမဲဖောက်ခြင်း/ယင်းသို့ဆောင်ရွက်နိုင်ရန် ကူညီခြင်း/ထောက်ပံ့ခြင်း
- (ဈ) ကျန်းမာရေးဌာန ပုရဝုဏ်အတွင်း ဈေးကွက်တင်ခြင်းနှင့် စပ်လျဉ်းသောလုပ်ငန်းများဆောင်ရွက်ခြင်း
- (ည)ကိုယ်ဝန်ဆောင်၊နို့တိုက်မိခင်၊ကလေးပြုစုစောင့်ရှောက်သူနှင့် ယင်းတို့၏ မိသားစုဝင်များအား စီးပွားရေးသဘောအရ ထိတွေ့ဆက်ဆံခြင်း

# အခန်း(၄)

# ဈေးကွက်တင်ခြင်း(Cont;)

(၁၀)သတ်မှတ်အစားအသောက်နှင့်ဆက်စပ်တိုက်ကျွေးပစ္စည်း/
အပိုဒ် ၈ အရအကြုံးဝင်သည့် အစားအသောက်တစ်မျိုးမျိုးကို
ထုတ်လုပ်သူ/ဖြန့်ဖြူးသူ/ယင်းတို့၏ ဝန်ထမ်း/အထောက်အပံ့ကို
တိုက်ရိုက်/သွယ်ဝိုက်၍ရယူထားသော ပုဂ္ဂိုလ်(သို့)အဖွဲ့အစည်းသည်
မြန်မာနိုင်ငံဆေးဝါးအာဏာပိုင်အဖွဲ့/ကျန်းမာရေးဝန်ကြီးဌာန၏
ကြိုတင်ခွင့်ပြုချက်မရှိပဲ အောက်ပါတို့ကိုပြုလုပ်ခွင့်မရှိ-

# အခန်း(၄)

# ဈေးကွက်တင်ခြင်း(Cont;)

- (က)ကျန်းမာရေးဌာန/ကျန်းမာရေးစောင့်ရှောက်သူအား လျှော့ဈေးဖြင့် ရောင်းခြင်း၊ နမူနာပေးခြင်း၊လှူဒါန်းခြင်း၊ လက်ဆောင်/ဆုအဖြစ်ပေးခြင်း
- (ခ) ကျန်းမာရေးဌာန/ ကျန်းမာရေးစောင့်ရှောက်သူအား ကိုယ်အလေး ချိန်ပြဇယား၊ ပိုစတာ၊စာအုပ်၊ဘောလ်ပင်၊ပြက္ခဒိန်၊ ကစားစရာအရုပ် စသည့် လုပ်ငန်းသုံး/ဌာနသုံးပစ္စည်းများ၊ ထီး၊လက်ဆွဲအိတ်၊ခရီးဆောင်အိတ်စသည်တို့ကို လှူဒါန်းခြင်း၊ ဖြန့်ဝေခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊

# အခန်း(၄)
# ဈေးကွက်တင်ခြင်း(Cont;)

- (ဂ)ကျန်းမာရေးဌာန/ ကျန်းမာရေးစောင့်ရှောက်သူအား ပညာသင်ဆုပေးခြင်း၊ သုတေသနပြုရန် အထောက်အပံ့ပေးခြင်း၊ အစည်းအဝေး တက်ရောက်ရန် ၊လေ့လာဆည်းပူးရန် ခရီးစရိတ်/ငွေကြေးတစ်စုံတစ်ရာထောက်ပံ့ခြင်း



# အခန်း(၄)

# ဈေးကွက်တင်ခြင်း(Cont;)

- (ဃ)ပညာပေးဆွေးနွေးပွဲများထောက်ပံ့ကူညီခြင်း
  – မျိုးဆက်ပွားကျန်းမာရေး
  – ကိုယ်ဝန်ဆောင်မိခင်/နို့တိုက်မိခင် အာဟာရ
  – နို့စို့ကလေး/ကလေးငယ်အာဟာရ
  – ဆွေးနွေးပွဲ/ပြိုင်ပွဲ၊တယ်လီဖုန်းဖြင့်နှစ်သိမ့်ဆွေးနွေးခြင်းများ


11:43 PM | 0.0KB/s
pediatricians.
ABBOTT NUTRITION
SCIENTIFIC WEBINAR
Childhood Growth and Nutrition
26 December 2020 (Saturday), 1:00 -3:00 pm (MMT)
MODERATOR
SPEAKERS
PROGRAM
13:00 Welcome & Introduction
13:10 -13:40 Undernutrition in Children
13:40 - 14:10 Overnutrition in Children
14:10 -14:40 Micronutrients for Children
14:40 Q&A
15:00 Closing Remarks
WEBINAR LINK
For further information, please contact;
PAHTAMA
Abbott
life. to the fullest.
Like
Comment
Share

# အခန်း(၄)

# စျေးကွက်တင်ခြင်း(Cont;)

- (င)မိခင်၊ ကလေးနှင့်ကိုယ်ဝန်ဆောင်များအား ပြုစုစောင့်ရှောက်ရာတွင်ဖြစ်စေ၊ ကလေးမွေးဖွားရာတွင်ဖြစ်စေ တိုက်ရိုက်သော်လည်ကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အထောက်အပံ့ပေးခြင်း



# အခန်း(၅)

# သတင်းအချက်အလက်ပေးခြင်းနှင့်ပညာပေးခြင်း

- (၁၀) သတ်မှတ်အစားအသောက်/အပိုဒ်(၈)အရ အကျုံးဝင်သည့် အစားအသောက်ထုတ်လုပ်ဖြန့်ဖြူးသူသည် ကိုယ်ဝန်ဆောင်မိခင်၊ နို့စို့ကလေး/ကလေးငယ်ရှိသော မိခင်စားသောက်ခြင်း၊ နို့စို့ကလေး/ကလေးငယ်အား အစားအသောက်ကျွေးခြင်းနှင့်စပ်လျဉ်း၍
  - (က) ပြည်သူလူထု/ကျန်းမာရေးစောင့်ရှောက်သူများအား ဆက်သွယ်ပြောဆိုဆွေးနွေးခြင်းမပြုလုပ်ရ

# အခန်း(၅)
# သတင်းအချက်အလက်ပေးခြင်းနှင့်ပညာပေးခြင်း(Cont;)

- (ခ) သတင်းအချက်အလက်/ပညာပေးခြင်း အစီအစဉ်များကို ကျန်းမာရေးဌာန/မည်သည့်နေရာတွင်ဖြစ်စေ မဆောင်ရွက်ရ
- (ဂ)ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပညာပေး အထောက်အကူပြုပစ္စည်းများကို ကျန်းမာရေးဌာနမှတစ်ဆင့် ဖြန့်ဝေခြင်းမှလွဲ၍ အခြားမည်သည့်နည်းနှင့်မျှဖြန့်ဝေခြင်းမပြုရ


WATCH MORE
Nestlé
Cerelac


Dugro Myanmar
ဒီဇင်ဘာ ၁၄ ရက် နံနက် ၆:၃၀
ကလေးများရဲ့ အရိုးအဆစ်သန်မာကြံ့ခိုင်ဖို့အတွက် ကယ်ဆီယမ်နဲ့ ဗီတာမင် D ကအရေးပါတယ်ဆိုတာ မေမေတို့ သိပြီးသားဖြစ်ကြမှာပါ။ ဒါနဲ့ပတ်သက်ပြီး ပိုအသေးစိတ်သိရှိစေဖို့အတွက် အာဟာရပညာရှင် ဘယ်အချက်တွေနဲ့ ဆွေးနွေးပေးထားလဲဆိုတာ ဗီဒီယိုလေးမှာ ကြည့်လိုက်ရအောင်နော်။
#DugroMyanmar #DumexDugro #healthtalk #Calcium #VitaminD #WellroundedKid #GetSoMuchMore
Dugro 3
OnDoctor
Dugro
Dugro 3
နှစ်သက်မှု၁,၈၇၅ခု · မှတ်ချက် ၂၃ခု

# အခန်း(၅)

# သတင်းအချက်အလက်ပေးခြင်းနှင့်ပညာပေးခြင်း(Cont;)

- (၁၂) မည်သူမဆို နို့စို့ကလေး/ကလေးငယ်အား အစားအသောက်တိုက်ကျွေးမှုဆိုင်ရာ ပညာပေး သတင်းအချက်အလက်တို့ကို လူတစ်ဦး/ အုပ်စုအား တိုက်ရိုက်/ပုံနှိပ်ထုတ်ဝေခြင်း/အသံ/ရုပ်သံ/ အခြားနည်းလမ်းများဖြင့်ဖော်ပြသည့်အခါ
  - ➢ (က) မြန်မာဘာသာဖြင့်ရေးသားပြောဆိုဖော်ပြရမည်

# အခန်း(၅)
# သတင်းအချက်အလက်ပေးခြင်းနှင့်ပညာပေးခြင်း(Cont;)

- (ခ)လက်ရှိလက်ခံထားသော မှန်ကန်သည့်သတင်းအချက်အလက် ဖြစ်ရမည့်အပြင်အောက်ပါတို့ထင်ရှားစွာပါရှိရမည်–
  - (၁)ကလေးအသက် ၆–လပြည့်ပြီးသည်အထိ မိခင်နို့ တစ်မျိုးတည်း တိုက်ကျွေးခြင်းနှင့် ကလေးအသက် ၂–နှစ်အထိ/၂–နှစ်ကျော်လွန် သည်အထိ မိခင်နို့တိုက်ကျွေးခြင်းနှင့်အားသာချက်များ
  - (၂)အချိန်မတန်ပဲ ဖြည့်စွက်စာကျွေးခြင်း၊ နို့ဘူးဖြည့်စွက် တိုက်ကျွေးခြင်းတို့သည် မိခင်နို့တိုက်ကျွေးခြင်းအပေါ် မည်သို့အနှောက်အယှက်ပေးနိုင်ကြောင်း

# အခန်း(၅)

# သတင်းအချက်အလက်ပေးခြင်းနှင့်ပညာပေးခြင်း(Cont;)

- (၃)ကလေးအသက် ၆-လပြည့်ပြီးချိန်မှစ၍ မိခင်နို့အပြင် ဖြည့်စွက်စာကျွေးရန် အရေးကြီးပုံနှင့် ဖြည့်စွက်စာကို ဒေသအတွင်း ဝယ်ယူရရှိသော ပစ္စည်းများနှင့်မိမိအိမ်တွင် အလွယ်တကူ ပြင်ဆင်တိုက်ကျွေးနိုင်ကြောင်း
- (၄) ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင် အာဟာရပြည့်ဝစေရန်နှင့် ကလေးအားမိခင်နို့တိုက်ကျွေးရန် ကြိုတင်ပြင်ဆင်ရန် အလေးထားဖော်ပြခြင်း

# အခန်း(၅)

# သတင်းအချက်အလက်ပေးခြင်းနှင့်ပညာပေးခြင်း(Cont;)

- (ဂ) အောက်ပါအဓိပ္ပါယ်မျိုးသက်ဝင်စေသည့် စာသား၊ ဓါတ်ပုံ၊ရုပ်ပုံ၊ ကာတွန်း၊ရုပ်ပြ၊ ရုပ်ဖော်ပုံ/အလားတူဖော်ပြချက်များမပါရှိစေရ
  - (၁)မိခင်နို့တိုက်ကျွေးမှုကို ထောက်ခံအားပေးခြင်းမပြုပဲ နို့ဘူးတိုက်ကျွေးခြင်းကို အားပေးအားမြှောက်ပြုသည့် ဖော်ပြချက်များ
  - (၂)မိခင်နို့နှင့်တူသည်/ယှဉ်နိုင်သည်/သာသည်ဟူသောဆိုးဖြတ်ချက်
  - မျိုးသက်ရောက်စေသည့်ဖော်ပြချက်များ

# အခန်း(၅)
# သတင်းအချက်အလက်ပေးခြင်းနှင့်ပညာပေးခြင်း(Cont;)

- (၃)သတ်မှတ်အစားအသောက်တစ်မျိုးမျိုးကို တိုက်ကျွေးရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆွဲဆောင်စည်းရုံးသည့်ဖော်ပြချက်များ
- (၄)သတ်မှတ်အစားအသောက်နှင့် ဆက်စပ်တိုက်ကျွေးပစ္စည်း တစ်မျိုးမျိုး၏ အမည်၊ သင်္ကေတ၊ အမှတ်တံဆိပ်၊ ထုတ်လုပ်သောကုမ္ပဏီ၊ ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူအမည်များ

# အခန်း(၅)
# သတင်းအချက်အလက်ပေးခြင်းနှင့်ပညာပေးခြင်း(Cont;)

- (ဃ)သတ်မှတ်အစားအသောက်နှင့် ဆက်စပ်တိုက်ကျွေးပစ္စည်း တစ်မျိုးမျိုး၏သတင်းအချက်အလက်ကို လိုအပ်၍ ဖော်ပြရသည့်အခါ-
  - မှန်ကန်တိကျသောအချက်နှင့် သုံးစွဲရန်လိုအပ်သည့်အခြေအနေ
  - စနစ်တကျသုံးစွဲရမည့်နည်းလမ်း
  - ကုန်ကျမည့်စရိတ်၊လူမှုရေးအခက်အခဲ
  - ထိခိုက်နိုင်သည့် ကလေး၏ကျန်းမာရေးအခြေအနေ

# အခန်း(၆)

# စောင့်ကြပ်ကြည့်ရှုခြင်း

- (၁၃)မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့သည် ဤအမိန့်အကောင်အထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲနိုင်ရန် တာဝန်နှင့်လုပ်ပိုင်ခွင့်များသတ်မှတ်၍ အဖွဲ့အစည်းတစ်ရပ်ရပ်အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။
- (၁၄)အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ အဆင့်ဆင့်သည် အကောင်အထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲ၍ မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့သို့ တင်ပြရမည်။

# အခန်း(၆)

# စောင့်ကြပ်ကြည့်ရှုခြင်း(Cont;)

- (၁၄)အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ အဆင့်ဆင့်သည် ဤအမိန့်ပါစည်းကမ်းချက်များကို သက်ဆိုင်သူများကလိုက်နာခြင်းရှိမရှိ စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများအား အရေးယူခြင်းတို့ကို ဆောင်ရွက်ရမည်။

# အခန်း(၆)

# စောင့်ကြပ်ကြည့်ရှုခြင်း(Cont;)

- (၁၆) ကျန်းမာရေးဌာနနှင့်ကျန်းမာရေးစောင့်ရှောက်သူများသည် ဤအမိန့်၏ရည်ရွယ်ချက်များကို သိရှိနားလည်၍
  - ပံ့ပိုးကူညီဆောင်ရွက်ရမည့်အပြင်
  - ပြဋ္ဌာန်းချက်များနှင့်လျော်ညီစွာပြုမူရန်
  - အမိန့်ပါစည်းကမ်းချက်များကို သက်ဆိုင်သူများက လိုက်နာခြင်းရှိ/မရှိ စောင့်ကြပ်ကြည့်ရှုရန် တာဝန်ရှိသည်။

# အခန်း(၆)

# စောင့်ကြပ်ကြည့်ရှုခြင်း(Cont;)

- (၁၇) ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းအတွက် ဘဏ္ဍာငွေသုံးစွဲမှုကို ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ဖြင့် သက်ဆိုင်ရာဦးစီးဌာန ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

# အခန်း(၇)

# အရေးယူခြင်း

- မည်သူမဆို ဤအမိန့်ပါ မည်သည့်သတ်မှတ်ချက်ကိုမဆို လိုက်နာမှုမရှိလျှင် /ဖောက်ဖျက်လျှင် **အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၃၁ အရ** အရေးယူအပြစ်ပေးခြင်းခံရမည်။

# ကျေးဇူးတင်ပါသည်

